စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၂၂/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၂၃) ရက်

| ၂၃- ၁၀- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၃၆.၂၁ |
| စင်္ကာပူဒေါ်လာ | ၁,၆၁၆.၄၄ |
| စတာလင်ပေါင် | ၂,၈၀၃.၉၂ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၇၆.၃၃ |
| တရုတ်ယွမ် | ၂၉၄.၈၄ |
| ဟောင်ကောင်ဒေါ်လာ | ၂၇၀.၁၇ |
| အိန္ဒိယရူပီး | ၂၃.၉၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၅.၉၃ |
| မလေးရှားရင်းဂစ် | ၄၉၆.၆၃ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၈၃ |
| ရုရှားရူဘယ် | ၂၅.၈၄ |
| ထိုင်းဘတ် | ၆၄.၀၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၇ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယ အစိုးရက ၂၀၃၀-၃၁ သီးနှံနှစ်တွင် ပဲမျိုးစုံထုတ်လုပ်မှု ၄၀% တိုးမြှင့်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိ

➢ ဘင်္ဂလားဒေ့ရှ် ယာယီအစိုးရ၏ ပထမဆုံး ဆန်တန်ချိန် ၅,၀၀၀ တင်သွင်းရေး တင်ဒါကို အိန္ဒိယတင်ပို့သူ ရရှိ

➢ အိန္ဒိယနိုင်ငံသည် ကွမ်းသီးလှော် (Roasted areca nut) ကို ၁ ကီလိုဂရမ်လျှင် ရူပီး ၃၅၁ အောက်ဈေးနှုန်းဖြင့် တင်သွင်းခြင်းအပေါ် ကန့်သတ်ချက်များချမှတ်

➢ အိန္ဒိယနိုင်ငံသည် လာမည့် ၅ နှစ်အတွင်း စိုက်ပျိုးရေးပို့ကုန်များကို နှစ်ဆတိုးမြှင့်ရန်နှင့် ဆန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်သစ်များ ဖွင့်လှစ်ရန် ရည်မှန်းထားကြောင်း ဝန်ကြီး Pralhad Joshi ပြောကြား

➢ ရုရှားသည် အင်ဒိုနီးရှားသို့ စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်တင်ပို့ရန် အသင့်ရှိ

- **အထွေထွေသတင်းများ**

➢ အိန္ဒိယ-အမေရိကန် ကုန်သွယ်ရေးသဘောတူညီချက်တွင် အိန္ဒိယ၏ အခြေခံမူများကို လေးစားရန်လိုအပ်ကြောင်းနှင့် ပြဿနာများကိုဖြေရှင်းရန် ကြိုးပမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း ဂျိုင်ရှင်ကာ ထုတ်ဖော်ပြောဆို

- မီဒိုရမ်ပြည်နယ်သည် အရှေ့မြောက်ပိုင်းဒေသ၏ ထိပ်တန်းခရီးသွားနေရာအဖြစ် ပေါ်ထွက်လာပြီး လာရောက်သည့် ဧည့်သည် ၁၃၉ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာ
- ရုရှားသည် ၂၀၂၅ ခုနှစ်တွင် ရေနံတန်ချိန် ၅၁၀ သန်း ထုတ်လုပ်မည်

# အိန္ဒိယ အစိုးရက ၂၀၃၀-၃၁ သီးနှံနှစ်တွင် ပဲမျိုးစုံထုတ်လုပ်မှု ၄၀% တိုးမြှင့်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိ

ပဲမျိုးစုံထုတ်လုပ်မှုကို ၂၀၃၀-၃၁ သီးနှံနှစ်တွင် လက်ရှိထက် ၄၀% တိုးမြှင့်၍ တန်ချိန် သိန်း ၃၅၀ သိန်း (၃၅ သန်း) အထိရရှိရန် အစိုးရကရည်မှန်းချက် ချမှတ်ထားကြောင်း စိုက်ပျိုးရေးဝန်ကြီး ရှိဗ်ရာ့ဂျ်ဆင်းဂျ်ချူဟန်က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ပဲမျိုးစုံထုတ်လုပ်မှုတွင် မိမိကိုယ်ကိုယ် ပြည့်ပြည့်ဝဝ အားထားနိုင်ရေးအတွက် ရည်ရွယ်သည့် ဗဟိုအစီအစဉ်တစ်ရပ်ကို ရူပီး ၁၁,၄၄၀ ကုဋေ (ရူပီး ၁၁၄,၄၀၀ သန်း) ရင်းနှီးမြှုပ်နှံမှုဖြင့် ၆ နှစ်အတွင်း အကောင်အထည်ဖော်ရန် ပြီးခဲ့သည့်ရက်ပိုင်းက အစိုးရဝန်ကြီးများအဖွဲ့မှ အတည်ပြုခဲ့ကြောင်းနှင့် ထိုအစီအစဉ်အား မိမိကိုယ်ကိုယ် အားထားနိုင်သည့် ပဲမျိုးစုံမစ်ရှင် (Mission for Aatmanirbharta in Pulses Production) အမည်ဖြင့် ၂၀၂၅-၂၆ ခုနှစ်မှ ၂၀၃၀-၃၁ ခုနှစ် ကာလအတွင်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရှိရသည်။

ဝန်ကြီးက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားရာတွင် ပဲမျိုးစုံစိုက်ဧရိယာနှင့် စိုက်ခင်းများ၏ ထုတ်လုပ်မှုစွမ်းရည်ကို တိုးမြှင့်ခြင်းဖြင့် လာမည့်ခြောက်နှစ်အတွင်း ပဲထုတ်လုပ်မှုကို တိုးလာမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်အောင်မြင်ရန် ယုံကြည်စိတ်အပြည့်ရှိကြောင်းနှင့် လယ်သမားများ၏ အကျိုးစီးပွားကိုကာကွယ်ရန်အတွက် ပဲမျိုးစုံတင်သွင်းခွန်ဆိုင်ရာ သင့်လျော်သောဆုံး ဖြတ်ချက်များကိုလည်း အစိုးရမှချမှတ်သွားမည်ဟု ဝန်ကြီးက ပြောကြားခဲ့သည်။

နိုင်ငံတော်၏ ပဲမျိုးစုံပျမ်းမျှထုတ်လုပ်မှုစွမ်းရည်ထက် သိသိသာသာနိမ့်ကျနေသော ဒေသပေါင်း ၁၀၀ ကို အစိုးရမှ ခွဲခြားသတ်မှတ်ထားကြောင်း၊ ယခုအချိန်ထိ ပဲမျိုးစုံတွင် ဖူလုံမှုမရှိသေးကြောင်း၊ အိန္ဒိယသည် ကမ္ဘာ့အကြီးဆုံး ပဲထုတ်လုပ်သည့်နိုင်ငံဖြစ်သော်လည်း အကြီးမားဆုံးသုံးစွဲသည့်နိုင်ငံလည်းဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပဲမျိုးစုံအမြောက်အမြားကို တင်သွင်းရန်လိုအပ်နေသေးကြောင်း ချူဟန် က အလေးထားပြောကြားခဲ့သည်။

ပဲမျိုးစုံမစ်ရှင်၏ ရည်ရွယ်ချက်မှာ ထုတ်လုပ်မှုကိုတိုးမြှင့်ကာ အိန္ဒိယကို ကိုယ်ပိုင်ဖူလုံမှုရှိအောင် ပြုလုပ်ရန်ဖြစ်ကြောင်း၊ ၂၀၃၀-၃၁ ခုနှစ်တွင် ပဲမျိုးစုံစိုက်ဧရိယာကို လက်ရှိဟက်တာ ၂၇၅ သိန်းမှ ၃၁၀ သိန်းသို့ တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၃-၂၄ ခုနှစ်တွင် ပဲမျိုးစုံထုတ်လုပ်မှုမှာ တန်ချိန် ၂၄၂ သိန်း (၂၄.၂ သန်း) ရှိရာမှ ၂၀၃၀-၃၁ ခုနှစ်တွင် တန်ချိန် သိန်း ၃၅၀ (၃၅ သန်း) အထိ

Agribusiness & Trade

ရရှိရန် ရည်မှန်းထားကြောင်းနှင့် ၂၀၂၄-၂၅ သီးနှံနှစ် (ဇူလိုင်-ဇွန်) တွင် ပဲမျိုးစုံထုတ်လုပ်မှုသည် တန်ချိန် ၂၅၂.၃၈ သိန်း (၂၅.၂၃၈ သန်း) အထိရှိမည်ဟု ခန့်မှန်းထားကြောင်း ချူဟန်က ပြောကြားထားသည်။

ပဲမျိုးစုံ၏ ပျမ်းမျှထုတ်လုပ်မှုစွမ်းရည်ကို လက်ရှိ တစ်ဟက်တာလျှင် ၈၈၁ ကီလိုဂရမ်မှ ၁,၁၃၀ ကီလိုဂရမ်သို့ တိုးမြှင့်သွားမည်ဟုလည်း ချူဟန်က ပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးကလည်း ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် ကြေညာခဲ့သည့် ဤ မစ်ရှင်သည် အထူးသဖြင့် ပဲနီလေး၊ မတ်ပဲနှင့် ပဲနီလေး (tur, urad and masur) တို့၏ ထုတ်လုပ်မှုကို တိုးမြှင့်ရန် အာရုံစိုက်မည်ဖြစ်ပြီး မှတ်ပုံတင်ထားသော လယ်သမားများထံမှ Nafed နှင့် NCCF အစိုးရအေဂျင်စီများက ဈေးနှုန်းအာမခံချက်ဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းမစ်ရှင်အောက်တွင် ပဲမျိုးစုံ၏ထုတ်လုပ်မှုစွမ်းရည်နှင့် စုစုပေါင်းထွက်နှုန်းတိုးတက်စေရန် အထွက်နှုန်းမြင့်နှင့် ရောဂါခံနိုင်ရည်ရှိသော မျိုးစေ့များကို ဗဟိုအစိုးရမှ ပံ့ပိုးကူညီသွားမည်ဟု ချူဟန်က ပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံအစိုးရက နောက်လာမည့် ၆ နှစ်အတွင်း ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိစေရေးအတွက် ပဲစိုက်ပျိုးမှုနှင့် အထွက်နှုန်းမြှင့်တင်ရန် ရည်မှန်းချက်ချမှတ်၍ ဆောင်ရွက်နေမှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Government eyes to increase pulses production by 40% by 2030-31 crop year, The Economic Times, 9 October, 2025.

..........................................................................................................

**ဘင်္ဂလားဒေ့ရှ် ယာယီအစိုးရ၏ ပထမဆုံး ဆန်တန်ချိန် ၅,၀၀၀ တင်သွင်းရေး တင်ဒါကို အိန္ဒိယတင်ပို့သူ ရရှိ**

ဘင်္ဂလားဒေ့ရှ်ယာယီအစိုးရမှ တိုက်ရိုက်ထုတ်ပြန်ခဲ့သော တန်ချိန် ၅၀,၀၀၀ ပါ ပထမဆုံး နိုင်ငံတကာဆန်တင်သွင်းရေး တင်ဒါကို အိန္ဒိယနိုင်ငံ၊ ရိုင်ပူးရ်မြို့အခြေစိုက် ကုမ္ပဏီတစ်ခုက ရရှိ

Agribusiness & Trade

သွားကြောင်းနှင့် Chhattisgarh ပြည်နယ်မှ Bagadiya Brothers Pvt Ltd က ယင်းတင်ဒါကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရသည်။

ပီတီအိုင်သတင်းဌာနက ရရှိထားသည့် တင်ဒါတင်သွင်းခွင့်ဆိုင်ရာ စာရွက်စာတမ်းများအရ အိန္ဒိယ၊ စင်ကာပူ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အင်ဒိုနီးရှားနိုင်ငံများမှ ယင်းတင်ဒါသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းသိရပြီး Bagadiya Brothers Pvt Ltd က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၉.၇၇ နှုန်းဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိသည်။

Bagadiya Brothers Pvt Ltd ၏ ဒါရိုက်တာ (အထွေထွေမန်နေဂျာ) အက်စ်ပီဂျိုင်းစဝါးက တင်ဒါအောင်မြင်ထားပြီးဖြစ်ကြောင်း၊ ရက်ပေါင်း ၄၀ အတွင်း ပို့ဆောင်ပေးရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုမရရှိသော အနောက်ဘင်္ဂလားပြည်နယ် အခြေစိုက် ဂျယ်ဘာဘာဘက်ရက်ရှ်ဝါ ဆန်စက်ကုမ္ပဏီ၏ ဒါရိုက်တာ ရာဟူးခိုင်တန်က ဘင်္ဂလားဒေ့ရှ် ယာယီအစိုးရ၏ ဆန်တန်ချိန် ၅၀,၀၀၀ အတွက် ပထမဆုံးနိုင်ငံတကာတင်ဒါကို တနင်္လာနေ့က ပြုလုပ်ခဲ့ကြောင်း၊ ပို့ဆောင်မည့်ဆန်များကို ပင်လယ်ရေကြောင်းမှတစ်ဆင့် သင်္ဘောကြီးများဖြင့်သာ တင်ပို့ရမည်ဖြစ်ကြောင်း၊ အနောက်ဘင်္ဂလားပြည်နယ်မှ ၎င်းတို့၏ ကုမ္ပဏီအပါအဝင် ကုမ္ပဏီ ၂ ခုက ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း ပီတီအိုင် သတင်းဌာနသို့ ပြောကြားခဲ့သည်။

ထို့ပြင် ခိုင်တန် က ဘင်္ဂလားဒေ့ရှ်၏တိုက်ရိုက်ဝယ်ယူမည့် ပမာဏမှာ ဆန်တန်ချိန် ၄ သိန်းဖြစ်ပြီး နောက်ထပ်တင်ဒါများ ဆက်လက်ခေါ်ယူနိုင်ဖွယ်ရှိကြောင်း၊ အနောက်ဘင်္ဂလား၏ ဆန်စက်များနှင့် ဆန်တင်ပို့သူများသည် လာမည့်ကုန်အမှာစာများအပေါ်တွင် အကျိုးအမြတ်ရရှိ ကြလိမ့်မည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဇူလိုင်လတွင် ကြေညာခဲ့သည့် စုစုပေါင်းဆန်တန်ချိန် ၉ သိန်းအနက် တန်ချိန် ၅ သိန်းကို ပုဂ္ဂလိကတင်သွင်းသူများအတွက် သတ်မှတ်ပေးထားရာ ယခုအခါ ပုဂ္ဂလိက တင်ပို့မှုများ စတင်နေပြီဖြစ်ကြောင်း၊ ခန့်မှန်းချက်အရ ယခုအချိန်ထိ ပုဂ္ဂလိကတင်ပို့မှု တန်ချိန် ၁.၅ သိန်းခန့် ပြီးစီးသွားပြီးဖြစ်ကြောင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်၏ တင်ပို့သူများသည် ထိုအမှာစာများအနက် သိသိသာသာဝေစုရရှိထားကြောင်း ခိုင်တန်က ပြောကြားထားသည်။

Agribusiness & Trade

ဘင်္ဂလားဒေ့ရှ်၏ ဆန်တန် ၉ သိန်း တင်သွင်းရန် အစီအစဉ်သည် အိန္ဒိယဆန်ဈေးကွက် ဝယ်လိုအားနှင့် ဈေးနှုန်းများကို မြှင့်တင်ပေးခဲ့သည့်အတွက် အိန္ဒိယဆန်စက်လုပ်ငန်းရှင်များနှင့် တင်ပို့သူများ ဝမ်းမြောက်ဝမ်းသာ ရှိနေကြကြောင်းလည်း သိရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၆ ရာခိုင်နှုန်းကို အိန္ဒိယက ပိုင်ဆိုင်ထားသည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအဖြစ်တည်ရှိခြင်းနှင့် ယှဉ်ပြိုင်နိုင်သော ဈေးနှုန်းတို့ကြောင့် အိန္ဒိယသည် ယခုဝယ်ယူမှုအစီအစဉ်တွင် အဓိကအကျိုးခံစားရမည့်နိုင်ငံဖြစ်လာမည်ဟု လုပ်ငန်းရှင်များက မျှော်လင့်ထားကြောင်း၊ အနည်းဆုံးအနေဖြင့် ပုဂ္ဂလိကတင်သွင်းမှု၏ ၃၀-၄၀ ရာခိုင်နှုန်းခန့်သည် အနောက်ဘင်္ဂလားပြည်နယ်၏ ဆန်စက်များနှင့် ကုန်သည်များထံမှ ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အနောက်ဘင်္ဂလား၊ ဂျာခန်း၊ အန်ဒရာပရာဒေ့ရှ်၊ အိုဒီရှားနှင့် ဘီဟာပြည်နယ်များသည် အဓိကပြိုင်ဆိုင်ကြမည်ဖြစ်ပြီး အများဆုံးအကျိုးအမြတ်ရရှိကြလိမ့်မည်ဟု ခိုင်တန်က ပြောကြားထားသည်။

ဆွာနာ၊ ရတ်နာ၊ မီနီကက်နှင့် ဆိုနာမာဆူရီ စသည့် အိန္ဒိယ၏ လူကြိုက်များသော ဆန်မျိုးကွဲများ၏ ဈေးနှုန်းများသည် ဘင်္ဂလားဒေ့ရှ်၏တင်သွင်းရေး အစီအစဉ်များကို ကြေညာပြီး နောက်ပိုင်း မြင့်တက်လာခဲ့ကြောင်းလည်း သိရှိရသည်။

သို့ဖြစ်ပါ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပုဂ္ဂလိက တင်သွင်းမှုများအတွက် ဆန်ဝယ်ယူရေး တင်ဒါများခေါ်ယူဆောင်ရွက်နေမှုအခြေအနေအား သိရှိနိုင်ပါရန်နှင့် မြန်မာဆန်ဈေးကွက် အခွင့်အလမ်းများအတွက် လိုအပ်သကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Indian Exporter secures interim Bangladesh government’s first 50,000 ton rice import tender, The Economic Times, 07 October 2025

## အိန္ဒိယနိုင်ငံသည် ကွမ်းသီးလှော် (Roasted areca nut) ကို ၁ ကီလိုဂရမ်လျှင် ရူပီး ၃၅၁ အောက်ဈေးနှုန်းဖြင့် တင်သွင်းခြင်းအပေါ် ကန့်သတ်ချက်များချမှတ်

အိန္ဒိယ နိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန (DGFT) မှ ၁၅-၁၀-၂၀၂၅ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၅-၂၆ အရ ကွမ်းသီးလှော် (Roasted areca nut) ကို ၁

Agribusiness & Trade

ကီလိုဂရမ်လျှင် ရူပီး ၃၅၁ အောက် ဈေးနှုန်းဖြင့် ပြည်ပမှတင်သွင်းခြင်းအပေါ် ကန့်သတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမိန့်ကြော်ငြာစာတွင် ITC (HS) ကုဒ်နံပါတ် ၂၀၀၈၁၉၉၁ အောက်ရှိ ကွမ်းသီးလှော်များအတွက် အနိမ့်ဆုံးတင်သွင်းဈေးနှုန်း (Minimum import price-MIP) ကို သတ်မှတ်ထားသည်။ CIF တန်ဖိုး ၁ ကီလိုဂရမ်လျှင် ရူပီး ၃၅၁ အောက်ရှိ ကွမ်းသီးလှော်တင်သွင်းခြင်းကို ယခုအခါ တားမြစ်ထားပြီး၊ အခြားသော အလှော်ခံထားသည့် အခွံမာသီးများနှင့် အစေ့အဆန်များသည် လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒအောက်တွင် ဆက်လက်တည်ရှိနေကြောင်း တွေ့ရှိရသည်။

အဆိုပါ မူဝါဒသည် ကွမ်းသီး (ITC (HS) ကုဒ်နံပါတ် ၀၈၀၂၈၀၉၀) များကိုလည်း အကျုံးဝင်စေပြီး၊ CIF တန်ဖိုးသည် ၁ ကီလိုဂရမ်လျှင် ရူပီး ၃၅၁ နှင့် ညီမျှခြင်း သို့မဟုတ် ကျော်လွန်ခြင်း မရှိပါက တင်သွင်းခြင်းကို ဆက်လက်တားမြစ်ထားသည်။ သို့သော် အရေးပါသော ကင်းလွတ်ခွင့်များသည် ၁၀၀ ရာခိုင်နှုန်း ပို့ကုန်ဦးတည်သော ယူနစ်များ (Export Oriented Units-EOUs)၊ အထူးစီးပွားရေးဇုန်ယူနစ်များနှင့် ကြိုတင်ခွင့်ပြုချက် အစီအစဉ်အောက်မှ တင်သွင်းမှုများ (Advance Authorization Scheme) အတွက် အကျုံးဝင်ကြောင်း တွေ့ရှိရသည်။

ဗဟို ကွမ်းသီးနှင့် ကိုကိုးဈေးကွက်ရှာဖွေရေးနှင့် ပြုပြင်ထုတ်လုပ်ရေး သမဝါယမအသင်း (Central Arecanut and Cocoa Marketing and Processing Cooperative-CAMPCO) သည် အဆိုပါ တားမြစ်ချက်ကို ကြိုဆိုခဲ့ပြီး ကွမ်းသီးလှော်များအား ကန့်သတ်ချက်မရှိ တင်သွင်းမှုများကြောင့် 'Pattora' ကဲ့သို့သော ပြည်တွင်းအရည်အသွေးနိမ့် မျိုးကွဲများ၏ ဈေးနှုန်းများကို ကျဆင်းစေပြီး ဈေးကွက်ဝယ်လိုအားကို အားနည်းစေခဲ့ကြောင်း မှတ်ချက်ပြုခဲ့သည်။ အဆိုပါ ကန့်သတ်ချက်သည် တစ်ဖက်တွင် ပို့ကုန်ကို အဓိကထားသည့် စီးပွားရေးလုပ်ငန်းများအတွက် ထောက်ပံ့ရေးကွင်းဆက်များကို ထိန်းသိမ်းထားရင်း တစ်ဖက်တွင် အိန္ဒိယကွမ်းသီးစိုက်ပျိုးသူများကို ဈေးသက်သာသော တင်သွင်းကုန်များ၏ အန္တရာယ်မှ ကာကွယ်ရန် ရည်ရွယ်ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

References: (1) The Directorate General of Foreign Trade (DGFT), Notification No. 43/2025-26, October 15, 2025.

(2) The Economic Times, Imports of roasted areca nuts below ₹351/kg restricted, October 17, 2[[025.

Agribusiness & Trade

## အိန္ဒိယနိုင်ငံသည် လာမည့် ၅ နှစ်အတွင်း စိုက်ပျိုးရေးပို့ကုန်များကို နှစ်ဆတိုးမြှင့်ရန်နှင့် ဆန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်သစ်များ ဖွင့်လှစ်ရန် ရည်မှန်းထားကြောင်း ဝန်ကြီး Pralhad Joshi ပြောကြား

အိန္ဒိယနိုင်ငံသည် လာမည့် ၅ နှစ်အတွင်း ၎င်း၏ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံပို့ကုန်များကို နှစ်ဆတိုးမြှင့်ရန်နှင့် အိန္ဒိယဆန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်သစ်များ ဖွင့်လှစ်ရန် ရည်ရွယ်ထားကြောင်း စားသုံးသူရေးရာ၊ အစားအသောက်နှင့် အများပြည်သူ ဖြန့်ဝေရေးဝန်ကြီး Pralhad Joshi က ဗီဒီယိုသတင်းစကားတစ်ခုတွင် ပြောကြားခဲ့သည်။ ၎င်းက " ကျွန်တော်တို့ အနေဖြင့် လာမည့် ၅ နှစ်အတွင်း အများပြည်သူ ဖြန့်ဝေရေးစနစ်ကို ပြုပြင်ပြောင်းလဲရန်နှင့် ခေတ်မီအောင် လုပ်ဆောင်ရန်၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံပို့ကုန်များကို နှစ်ဆတိုးမြှင့်ရန်နှင့် အိန္ဒိယဆန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်သစ်များဖွင့်လှစ်ရန် ရည်မှန်းထားပါတယ်" ဟု ၎င်းက ပြောကြားခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၅ ရက်က ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်များတွင် ၎င်း၏တည်ရှိမှုကို ချဲ့ထွင်နေသော်လည်း ခိုင်မာသော အများပြည်သူ ဖြန့်ဝေရေးစနစ်မှတစ်ဆင့် နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရန်မှာ ထိပ်တန်းဦးစားပေးအဖြစ် ဆက်လက်တည်ရှိနေမည်ဟု Joshi က ထပ်လောင်းပြောကြားခဲ့သည်။ ၂၀၂၅ ခုနှစ် ဘာရတ်အပြည်ပြည်ဆိုင်ရာ ဆန်ညီလာခံ (Bharat International Rice Conference-BRIC 2025) ကို စီစဉ်ကျင်းပသည့် အိန္ဒိယဆန်တင်ပို့သူများအဖွဲ့ချုပ် (Indian Rice Exporters Federation-IREF) ကို ဂုဏ်ပြုစကားပြောကြားရာတွင် ၎င်းက "ဘာရတ် အပြည်ပြည်ဆိုင်ရာ ဆန်ညီလာခံ ၂၀၂၅ သည် ကျွန်တော်တို့၏ ဗစ်ဆစ်ဘာရတ် ၂၀၄၇ (Viksit Bharat 2047) သို့ သွားရောက်ရာခရီးစဉ်တွင် အဓိက မှတ်တိုင်တစ်ခု ဖြစ်လာမည်ဖြစ်ပြီး၊ ၎င်းရည်မှန်းချက်၏ ဗဟိုတွင် ကျွန်တော်တို့ရဲ့ တောင်သူများနှင့် စားသုံးသူများ ပါဝင်နေပါတယ်" ဟု ပြောကြားခဲ့သည်။

ဝန်ကြီးက ဆန်ကုန်သွယ်ရေးတွင် နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်သူနေရာကို ခိုင်မာစေရန် အစိုးရ၏ ရေရှည်စီမံကိန်းကိုလည်း ချပြပြောကြားခဲ့သည်။ လယ်ယာမှ စားသုံးသူအထိ အစားအသောက် ထောက်ပံ့ရေးကွင်းဆက် တစ်လျှောက်လုံးတွင် အရည်အသွေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် တတ်နိုင်သောဈေးနှုန်းတို့ကို အာရုံစိုက်ဆောင်ရွက်သွားမည်ဟု ၎င်းက ပြောကြားခဲ့သည်။ Joshi က "အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ဆန်ထုတ်လုပ်သူနှင့် ထိပ်တန်းတင်ပို့သူသာမကဘဲ အိမ်ထောင်စုတိုင်းအတွက် အစားအသောက်နှင့် အာဟာရဖူလုံရေးကို အလေးထားဆောင်ရွက်သည့် နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်" ဟု ထပ်လောင်းပြောကြားခဲ့သည်။

အစိုးရသည် အရည်အသွေး၏ အမြင့်ဆုံးစံနှုန်းများကို ထိန်းသိမ်းရန်၊ ခြေရာခံနိုင်မှုနှင့် ကုန်ပစ္စည်းအညွှန်းအမှတ်အသားကပ်ခြင်းစနစ်များ တိုးတက်ကောင်းမွန်လာစေရန်တို့မှတစ်ဆင့် ပွင့်လင်းမြင်သာမှု ကိုမြှင့်တင်ရန် ဆုံးဖြတ်ထားကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ အဆိုပါ ဆောင်ရွက်ချက်များသည် ရေရှည်တည်တံ့သော၊ တန်ဖိုးမြှင့်တင်ထားသည့် ဆန်ထွက်ကုန်များ တိုးတက်ကြီးထွားလာမှုကိုလည်း အထောက်အကူပြုမည်ဟု ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရ၏ လာမည့်အစီအစဉ်များကို ပြောကြားရာတွင် ဂျိုရှီက ဝန်ကြီးဌာနသည် အများပြည်သူ ဖြန့်ဝေရေးစနစ်ကို ပြုပြင်ပြောင်းလဲရန်နှင့် ခေတ်မီအောင် လုပ်ဆောင်ရန်၊ ပို့ကုန်ဆိုင်ရာ အခြေခံအဆောက်အအုံများကို ခိုင်မာစေရန်နှင့် တောင်သူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ရဲ့ ချဉ်းကပ်မှုက တောင်သူကို ဦးစားပေးပြီး စားသုံးသူကို ဗဟိုပြုထားခြင်းဖြစ်ပြီး၊ ပို့ကုန်တိုးတက်မှုမှတစ်ဆင့် တောင်သူများ၏ သာယာဝပြောမှုနှင့် လူတိုင်းအတွက် အစားအသောက် ဖူလုံရေးတို့နှင့်အတူ လက်တွဲသွားမည်ဟု အာမခံပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးဈေးကွက်တွင် အိန္ဒိယ၏ အလားအလာကို အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်သူအားလုံးကို "မျှော်မှန်းချက်ကြီးကြီးထားရန်နှင့် ရဲရဲဝံ့ဝံ့စီစဉ်ဆောင်ရွက်ရန်" ၎င်းက တိုက်တွန်းခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် လာမည့် ၅ နှစ်အတွင်း ၎င်း၏ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ ပို့ကုန်များကို နှစ်ဆတိုးမြှင့်ရန်နှင့် အိန္ဒိယဆန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်သစ်များ ဖွင့်လှစ်ရန် ရည်ရွယ်ထားကြောင်း စားသုံးသူရေးရာ၊ အစားအသောက်နှင့် အများပြည်သူ ဖြန့်ဝေရေးဝန်ကြီး ပြောကြားချက်အား သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ် ဘာရတ် အပြည်ပြည်ဆိုင်ရာ ဆန်ညီလာခံ (Bharat International Rice Conference-BRIC 2025) တွင် ပါဝင်တက်ရောက်ရန် စီစဉ်ထားသည့်အတွက် အိန္ဒိယနိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် ဆန်တင်ပို့မှုဆိုင်ရာ မူဝါဒအလားအလာများကို ကြိုတင်သိရှိကာ လိုအပ်သကဲ့သို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, India aims to double agri exports, open new global markets for rice in five years: Minister Pralhad Joshi, October 15, 2025.

## ရုရှားသည် အင်ဒိုနီးရှားသို့ စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်တင်ပို့ရန် အသင့်ရှိ

ရုရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်တင်ပို့ရန် အသင့်ရှိကြောင်း၊ ရုရှားကုန်စည်တင်ပို့သူများသည် အင်ဒိုနီးရှားဈေးကွက်တွင် ၎င်းတို့၏ ဈေးကွက်ကို ရှာဖွေနေကြပြီး ၎င်းတို့၏ ထုတ်ကုန်အမျိုးအစားကို တိုးချဲ့ရန် အသင့်ရှိနေကြောင်း၊ ဂျုံကဲ့သို့သော ရိုးရာပို့ကုန်များအပြင် အေးခဲထားသောငါး၊ အသားထွက်ကုန်များ (သိုး၊ နွား၊ ဝက်)၊ နံနံစေ့၊ ပြောင်းဆန်၊ နေကြာဆီနှင့် ပဲပိစပ်ဆီများသည် အလားအလာရှိသော ကုန်စည်များဖြစ်ကြောင်း ဂျကာတာမြို့၌ သီးနှံတင်ပို့သူများနှင့် ထုတ်လုပ်သူများ၏ စီးပွားရေးမစ်ရှင် အစည်းအဝေးတွင် ရုရှား Agroexport ဗဟိုဌာန၏ အကြီးအကဲ Mr. Ilya Ilyushin က ပြောကြားခဲ့သည်။

ရုရှားမှ အင်ဒိုနီးရှားသို့ တိုးမြှင့်တင်ပို့ရန် အလားအလာရှိသော ကုန်ပစ္စည်းအချို့သည် မြင့်မားသော အကောက်ခွန်များ၊ အကောက်ခွန်မဲ့အတားအဆီးများဖြစ်သည့် ခွဲတမ်း၊ လိုင်စင်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ သွင်းကုန်ကန့်သတ်ချက်များဖြင့် ကန့်သတ်မှုများရှိကြောင်း၊ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (Free Trade Agreements- FTA) အတွက် ဥရောပအာရှစီးပွားရေးသမဂ္ဂ (Eurasian Economic Union-EAEU)နှင့် အင်ဒိုနီးရှား နိုင်ငံတို့အကြား စေ့စပ်ညှိနှိုင်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ကုန်သွယ်မှုဆိုင်ရာကန့်သတ်ချက်များကို ဖြေလျှော့ပေးမည်ဟု ရုရှားတင်ပို့သူများက မျှော်လင့်ထားကြောင်း Agroexport ဗဟိုဌာန၏ အကြီးအကဲက ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် EAEU နှင့် အင်ဒိုနီးရှားတို့အကြား FTA လက်မှတ် ရေးထိုးနိုင်ရန် လျာထားကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ရုရှားနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ဂျုံတန်ချိန် ၅၂,၀၀၀ ခန့် ပထမဆုံးအသုတ်အဖြစ် တင်ပို့ထားကြောင်း ရုရှားတိရစ္ဆာန်နှင့် အပင်ပိုးမွှား ရောဂါကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန(Rosselkhoznadzor) က သတင်းထုတ်ပြန်ထားသည်။

အင်ဒိုနီးရှားသို့ တင်ပို့မည့် ရုရှားဂျုံသည် အပင်ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဖြစ်ကြောင်း၊ ဓာတုဒြပ်စင်များ၊ မှိုဆေးများ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၊ ပိုးသတ်ဆေးကြွင်းကျန်များ ပါဝင်မှုအပါအဝင် ရုပ်ပိုင်းဆိုင်ရာနှင့် ဓာတုဂုဏ်သတ္တိဆိုင်ရာ ညွှန်းကိန်းများအထိ စုံလင်စွာ စစ်ဆေးရန် လိုကြောင်း၊ ဥပမာအားဖြင့် အင်ဒိုနီးရှား ဈေးကွက်အတွက် Ochratoxin A ၏ အများဆုံးခွင့်ပြုသည့် ပမာဏမှာ 0.005 mg/kg သာရှိပြီး နိုင်ငံတကာစံချိန်စံညွှန်းများထက် နှစ်ဆပိုမိုတင်းကျပ်ကြောင်း Rosselkhoznadzor က ပြောကြားခဲ့သည်။

Agribusiness & Trade

၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားသို့ ရုရှားဂျုံတင်ပို့မှုသည် တန်ချိန် ၁.၃ သန်းကျော် ရှိပြီး အမေရိကန်ဒေါ်လာ ၃၁၀ သန်းကျော်တန်ဖိုးရှိကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို
Source : https://seanews.ru/2025/10/17/ru-rossija-vozobnovljaet-jeksport-pshenicy-v-indoneziju/

.........................................................................................................................

## အိန္ဒိယ - အမေရိကန် ကုန်သွယ်ရေးသဘောတူညီချက်တွင် အိန္ဒိယ၏ အခြေခံမှုများကို လေးစားရန်လိုအပ်ကြောင်းနှင့် ပြဿနာများကိုဖြေရှင်းရန် ကြိုးပမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း ဂျိုင်ရှင်ကာ ထုတ်ဖော်ပြောဆို

အမေရိကန်၏ အကောက်ခွန်ဆိုင်ရာမူဝါဒကြောင့် နှစ်နိုင်ငံဆက်ဆံရေး တင်းမာမှုများကြားမှပင် အိန္ဒိယ-အမေရိကန် ကုန်သွယ်ရေးသဘောတူညီချက် ဖြစ်မြောက်ရန် အိန္ဒိယနိုင်ငံ၏ ထိခိုက်၍မရသော အနီရောင်မျဉ်းကို လေးစားရမည်ဖြစ်ကြောင်းနှင့် သဘောတူညီမှုရရှိရန် ကြိုးပမ်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ပြည်ပရေးရာဝန်ကြီး အက်စ်ဂျိုင်ရှင်ကာက တနင်္ဂနွေနေ့ (အောက်တိုဘာ ၅၊ ၂၀၂၅) တွင် ပြောကြားခဲ့သည်။

အမေရိကန်သည် ကမ္ဘာ့အကြီးဆုံးဈေးကွက်ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနားလည်မှုရရှိရန် လိုအပ်သော်လည်း တစ်ချိန်တည်းမှာပင် အိန္ဒိယ၏ အနီရောင်စည်းမျဉ်းများကိုလည်း လေးစားရမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်တွင် အိန္ဒိယသည် အမေရိကန်ပြည်ထောင်စုနှင့် ပြဿနာများရှိနေပါကြောင်း၊ ၎င်းတို့အနက်မှ အဓိကအချက်မှာ ကုန်သွယ်ရေးဆွေးနွေးမှုများအတွက် သဘောတူညီမှုရရှိရန် မစွမ်းဆောင်နိုင်ခြင်းကြောင့် အကောက်ခွန်အချို့ ကျပ်မတ်ခံလိုက်ရခြင်း ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားထံမှ စွမ်းအင်ဝယ်ယူမှုအတွက် အိန္ဒိယအား ချမှတ်ထားသော ဒုတိယမြောက် အကောက်ခွန်တစ်ခုလည်းရှိပြီး ၎င်းကို အလွန်တရားမျှတမှုမရှိဟု တရားဝင်ထုတ်ဖော်ပြောဆို ထားပါကြောင်း၊ အခြားနိုင်ငံများသည်လည်းထိုကဲ့သို့ ဝယ်ယူမှုများရှိကြပြီး အိန္ဒိယထက် ရုရှားနှင့် ပိုမိုရန်လိုသော ဆက်ဆံရေးရှိသည့် နိုင်ငံများပင် ပါဝင်နေကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

အိန္ဒိယထုတ်ကုန်များအား အကောက်ခွန် ၅၀% အထိ တိုးမြှင့်ကောက်ခံမှုအပြင် ရုရှား ရေနံဝယ်ယူမှုအတွက်လည်းထပ်တိုး ၂၅%ကောက်ခံခဲ့သည့် အမေရိကန်သမ္မတထရမ့်၏ ဆုံးဖြတ်ချက်ကြောင့် အိန္ဒိယ-အမေရိကန် ဆက်ဆံရေးဆိုးရွားစွာတင်းမာလျက်ရှိပြီး အိန္ဒိယက အမေရိကန်၏ ဤခြေလှမ်းအား "မတရား၊ အကြောင်းမဲ့၊ မဖြစ်သင့်သည့် လုပ်ရပ်" အဖြစ် ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့သည်။

မည်သို့ပင်ဖြစ်စေ နောက်ဆုံးတွင် အမေရိကန်နှင့် ကုန်သွယ်ရေးဆိုင်ရာ နားလည်မှုတစ်ခု ရရှိရမည်ဖြစ်ကြောင်း၊ အကြောင်းမှာ ၎င်းသည် ကမ္ဘာ့အကြီးဆုံးဈေးကွက်ဖြစ်ရုံသာမက ကမ္ဘာ၏ အခြားသော အစိတ်အပိုင်းများစွာကလည်း ထိုကဲ့သို့သော နားလည်မှုများ ရရှိထားပြီးဖြစ်သောကြောင့်ဖြစ်ကြောင်း၊ သဘောတူညီချက်တိုင်းတွင် ညှိနှိုင်းနိုင်သောအရာများနှင့် ညှိနှိုင်း၍မရသောအရာများရှိစမြဲဖြစ်ရာ၊ ကျွန်ုပ်တို့၏ အခြေခံမူများနှင့် မချိုးဖောက်နိုင်သော စည်းမျဉ်းများကို အသိအမှတ်ပြုသည့် နားလည်မှုမျိုးသာဖြစ်ရမည် ဖြစ်ကြောင်း ဂျိုင်ရှင်ကာ က ပြောကြားခဲ့သည်။

ဂျိုင်ရှင်ကာက အိန္ဒိယသည် ၎င်း၏ သံတမန်ရေးရာ ချဉ်းကပ်ပုံနည်းလမ်းနှင့် ပတ်သက်၍ အလွန်ရှင်းလင်းသည်ဟု အတည်ပြုပြောကြားခဲ့ပြီး မတ်လမှစတင်၍ လက်ရှိထိ ဆက်လက်ဆွေးနွေးနေဆဲဖြစ်သော ဤအကြောင်းအရာသည် နှစ်ဖက်လက်ခံနိုင်သည့် သဘောတူညီချက် တစ်ခုဆီသို့ရောက်ရှိရန် ကြိုးပမ်းနေခြင်းပင်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

အိန္ဒိယနှင့် အမေရိကန်တို့သည် ကုန်သွယ်ရေးသဘောတူညီချက် (မူကြမ်း) အတွက် ညှိနှိုင်းမှုများကို ရက်သတ္တပတ်အနည်းငယ် ခေတ္တရပ်နားခဲ့ပြီးနောက် မကြာသေးမီက ပြန်လည်စတင်ခဲ့ကြသည်။

ယခုလက်ရှိ တင်းမာမှုများက နှစ်နိုင်ငံဆက်ဆံရေး၏ အခြားသောရှုထောင့်များကို သက်ရောက်မှုမရှိကြောင်းလည်း ပြည်ပရေးရာဝန်ကြီးက ပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနှင့် အမေရိကန်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီမှုရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုနှင့်စပ်လျဉ်းပြီး အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့မှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Agribusiness & Trade

Source: India-U.S. trade deal has to respect New Delhi's 'red lines'; efforts underway to address issues: Jaishankar, The Hindu, 5 October, 2025.

……………………………………………………………………………………………………………

## မီဇိုရမ်ပြည်နယ်သည် အရှေ့မြောက်ပိုင်းဒေသ၏ ထိပ်တန်းခရီးသွားနေရာအဖြစ် ပေါ်ထွက်လာပြီး လာရောက်သည့် ဧည့်သည် ၁၃၉ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာ

မီဇိုရမ်ပြည်နယ် ဝန်ကြီးချုပ် လယ်လ်ဒူဟိုမာ (Lalduhoma) က ၎င်း၏ပြည်နယ်သည် ဧည့်သည်ရောက်ရှိမှုနှုန်း ထူးခြားစွာမြင့်တက်လာခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်က အရှေ့မြောက်ပိုင်း ဒေသရှိ ထိပ်တန်းခရီးသွားနေရာများထဲမှ တစ်ခုအဖြစ် ရပ်တည်ခဲ့သည်ဟု ပြောကြားခဲ့သည်။

ချမ်ဖိုင်း (Champhai) ခရိုင်ရှိ Hnahsin (cosmos flower) ပွဲတော်တွင် မိန့်ခွန်းပြောကြားရာ၌ လယ်လ်ဒူဟိုမာက ၂၀၂၄ ခုနှစ်တွင် ခရီးသွား ၅ ဒသမ ၂ သိန်းကျော် မီဇိုရမ်သို့ လာရောက်ခဲ့ပြီး ယခင်နှစ်ထက် ၁၃၉ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ၎င်းက အသစ်ဖွင့်လှစ်လိုက်သော ဘိုင်ရာဘီ-ဆိုင်ရမ်း (Bairabi–Sairang) မီးရထားလမ်းကြောင့် ဆက်သွယ်မှု ပိုမိုကောင်းမွန်လာခြင်းနှင့်အတူ ဧည့်သည်အရေအတွက် ဆက်လက်တိုးတက်လာမည်ဟု အကောင်းမြင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ မီးရထားလမ်းကို ဝန်ကြီးချုပ် နာရင်ဒြာမိုဒီက စက်တင်ဘာလ ၁၃ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီး မီဇိုရမ်၏ မြို့တော် အိုက်ဇောလ် (Aizawl) အား အာသံပြည်နယ်ရှိ ဆီလ်ချာမြို့ (Silchar) မှတစ်ဆင့် အိန္ဒိယနိုင်ငံ၏ အခြားဒေသများနှင့် ချိတ်ဆက် ပေးခဲ့ကြောင်း သိရသည်။ ယင်းသည် အဆိုပါ တောင်တန်းပြည်နယ်အား နိုင်ငံတော်၏ မီးရထားမြေပုံပေါ်သို့ ပထမဆုံးအကြိမ် ခိုင်မာစွာ နေရာချပေးလိုက်ခြင်း ဖြစ်သည်။ ၎င်းက အဆိုပါ စီမံကိန်းသည် အိန္ဒိယမီးရထား သမိုင်းတွင် စိန်ခေါ်မှုအရှိဆုံး လုပ်ငန်းများထဲမှ တစ်ခုဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်က "ဆက်သွယ်မှုများ တိုးတက်လာခြင်းနှင့် ခရီးသွားကဏ္ဍကို ခိုင်မာအောင် ကျွန်တော်တို့၏ ကြိုးပမ်းအားထုတ်မှုများကြောင့် မီဇိုရမ်သည် အရှေ့မြောက်ပိုင်းဒေသတွင် ပိုမိုနှစ်သက်သော နေရာတစ်ခုဖြစ်လာသည်" ဟု ပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်း၏ စီးပွားရေးအလားအလာကို မီးမောင်းထိုးပြကာ ၎င်းက ပြည်သူများအား ပြည်နယ်၏ သဘာဝအလှကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရိုးသားမှု၊ ဧည့်ဝတ်ကျေပွန်မှု၊ သက်ကြီး

Agribusiness & Trade

ရွယ်အိုများကို လေးစားမှုတို့ဖြင့် ထင်ရှားသော မီဇိုလူမျိုးတို့၏ နေထိုင်မှုပုံစံကို ပြသရန် တိုက်တွန်းခဲ့သည်။ ၎င်းက"ကျွန်တော်တို့ ပြည်နယ်သို့ ခရီးသွားများလာရောက်သည့်အခါ ကိုယ်ကျိုးမဖက် ဝန်ဆောင်မှုနှင့် ပြင်ပကလာရောက်သူများအပေါ် ဖော်ရွေသော မီဇိုကျင့်ဝတ်များကို ပြသသင့်သည်" ဟု ထပ်လောင်းပြောကြားခဲ့သည်။

မီဇိုရမ်ပြည်နယ်၏ ကြွယ်ဝသော အမွေအနှစ်နှင့် သမိုင်းဝင် ဆွဲဆောင်မှုများကို အလေးပေး ပြောကြားရာတွင် ၎င်းက ခရီးသွားလုပ်ငန်းသည် ပြည်နယ်မှ စီးဆင်းထွက်သွားသော ငွေကြေးများကို ပြန်လည်ရယူရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်သည်ဟု ပြောကြားခဲ့သည်။ "မီဇိုရမ်ရဲ့ ငွေကြေးအများအပြားဟာ ပြည်နယ်အပြင်ဘက်ကို စီးဆင်းထွက်သွားခဲ့ပါတယ်။ ကျွန်တော်တို့အနေဖြင့် ခရီးသွားလုပ်ငန်းမှတစ်ဆင့် အဆိုပါ ငွေကြေးများကို ပြန်လည်ရရှိရန် နည်းလမ်းများရှာဖွေရမည်" ဟု ၎င်းက ပြောကြားခဲ့သည်။

လယ်လ်ဒူဟိုမာက ဒေသခံအရင်းအမြစ်များကို ပညာရှိစွာ အသုံးပြုရန်နှင့် အဆိုပါလုပ်ငန်းကို မြှင့်တင်ရန် စိတ်ရင်းမှန်ဖြင့် လုပ်ဆောင်ကြရန် ခရီးသွားလုပ်ငန်း၏ စီးပွားရေးအကျိုးကျေးဇူးများကို ကိုးကား၍ ပြည်သူများကို တိုက်တွန်းခဲ့သည်။ အဆိုပါ ပွဲတော်အတွင်း ပြည်နယ်ခရီးသွားလာရေးဌာနနှင့် သဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့် ရာသီဥတုပြောင်းလဲမှု ဌာနတို့သည် သဘာဝပတ်ဝန်းကျင် ခရီးသွားလုပ်ငန်းဆိုင်ရာ အစီအစဉ်များကို တိုးတက်စေရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

တရားဝင် အချက်အလက်များအရ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် မီဇိုရမ်သို့ ခရီးသွား ၅ ဒသမ ၂၄ သိန်းခန့်သည် လာရောက်ခဲ့ပြီး ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၁၉ သိန်းသာ ရှိခဲ့ရာမှ တိုးတက်လာခဲ့ခြင်း ဖြစ်သည်။ အဆိုပါ လာရောက်သူများထဲမှ ၉၈ ဒသမ ၈၇ ရာခိုင်နှုန်းသည် ပြည်တွင်းခရီးသွားများ ဖြစ်ကြောင်း တွေ့ရှိရသည်။ ယခင်နှစ်များတွင် ခရီးသွားအရေအတွက်မှာ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၂၂ သိန်း၊ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၃၂ သိန်းနှင့် ကိုဗစ်-၁၉ ရောဂါ၏ သက်ရောက်မှုရှိခဲ့သော ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် ၂၀,၅၆၄ ဦးသာ ရှိခဲ့ကြောင်း သိရသည်။

အရာရှိများက အိုက်ဇောလ်မြို့အနီးရှိ ဆိုင်ရမ်းမြို့ (Sairang) အထိ မီးရထားလမ်း ဖွင့်လှစ်လိုက်ခြင်းကြောင့် ပြည်နယ်၏ ဆက်သွယ်မှုနှင့် သွားလာရလွယ်ကူမှုတို့ တိုးတက်လာမည်ဖြစ်ပြီး လက်ရှိဘဏ္ဍာနှစ်တွင် ခရီးသွားရောက်ရှိမှုနှုန်းသည် ပိုမိုမြင့်တက်လာရန် မျှော်မှန်းထားကြောင်း ပြောကြားခဲ့သည်။

Agribusiness & Trade

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: (1) India TodayNE, Mizoram emerges as top tourist destination in Northeast, records 139.5% rise in visitors, October 15, 2025.

(2) EastMojo, Mizoram sees 139.5% surge in tourist footfall in 2024-25, October 15, 2025.

..............................................................................................................

## ရုရှားသည် ၂၀၂၅ ခုနှစ်တွင် ရေနံတန်ချိန် ၅၁၀ သန်း ထုတ်လုပ်မည်

ရုရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ရေနံတန်ချိန် ၅၁၀ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၎င်းသည် ပြီးခဲ့သည့်နှစ် ကိန်းဂဏန်းများထက် တစ်ရာခိုင်နှုန်း လျော့နည်းသော်လည်း ဆန္ဒအလျောက် လျှော့ချလိုက်ခြင်းဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှား စွမ်းအင်ရက်သတ္တပတ်ဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

တရားမျှတမှုမရှိသည့် ယှဉ်ပြိုင်မှုယန္တရားများဖြင့် ရုရှားအပေါ် ပြင်းထန်စွာချမှတ်ထားသော်လည်း ရုရှားသည် ထိပ်တန်းရေနံထုတ်လုပ်သူအဖြစ် ဆက်လက်ရပ်တည်နေကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ရေနံထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်ကို ရုရှားက ပိုင်ဆိုင်ထားပြီး ယခုနှစ်ကုန်တွင် ရေနံတန်ချိန် သန်း ၅၁၀ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း၊ ယင်းသည် ယခင်နှစ်ထက် ခန့်မှန်းခြေ ၁ ရာခိုင်နှုန်း နိမ့်ကျကြောင်း၊ ယင်းသည် OPEC+ သဘောတူညီချက်များနှင့်အညီ ရေနံထုတ်လုပ်မှုကို ဆန္ဒအလျောက် လျှော့ချလိုက်ခြင်းဖြစ်ကြောင်း သမ္မတက မှတ်ချက်ပြုခဲ့သည်။

အမေရိကန်သမ္မတ၏ ပြောကြားချက်အရ အိန္ဒိယဝန်ကြီးချုပ် Mr. Narendra Modi သည် ရုရှားထံမှ ရေနံဝယ်ယူမည်မဟုတ်ကြောင်း အာမခံထားမှုနှင့်စပ်လျဉ်း၍ စွမ်းအင်အရင်းအမြစ်များ ထောက်ပံ့ရေးတွင် အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဟု ယုံကြည်ထားကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Mr. Alexander Novak က ပြောကြားခဲ့သည်။

ယင်းအပြင် အိန္ဒိယနှင့် တရုတ်တာဝန်ရှိသူများထံမှ ရုရှားရေနံဝယ်ယူမှုနှင့် ပတ်သက်သည့် တရားဝင်ထုတ်ပြန်ချက်များကို ကရင်မလင်က လိုက်နာဆောင်ရွက်ကြောင်း ရုရှားသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Dmitry Peskov က အမေရိကန်သမ္မတ၏ မှတ်ချက်အပေါ် မှတ်ချက်ပေးပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ရေနံတင်သွင်းမှုတွင် ရုရှားရေနံ၏ ဈေးကွက်ဝေစုသည် ၄၅ ရာခိုင်နှုန်း ကျော်ရှိပြီး အကြီးစားရေနံသန့်စင်မှုလုပ်ငန်းများ၏ ၃၅ ရာခိုင်နှုန်းနှင့် အသေးစားရေနံ သန့်စင်မှုလုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ရုရှားမှ တင်သွင်းသည့် ရေနံကုန်ကြမ်းများ ဖြစ်ကြောင်း သိရသည်။ အစောပိုင်းတွင် ရုရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်၌ ရေနံတန်ချိန် ၅၁၈.၆ သန်းထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://tass.ru/ekonomika/25366243

……………………………………………………………………………………………………

Agribusiness & Trade